ကြေးမုံ

# ကုန်ဈေးနှုန်းများ တည်ငြိမ်ရေး အခြေခံစားကုန် တိုးတက်ထုတ်လုပ်

အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးအစည်းအဝေးကို ဇွန်လ ၁၂ ရက်နေ့က ကျင်းပခဲ့ရာ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကုန်ဈေးနှုန်းများ ကြီးမြင့်ရသည့်အခြေအနေအရပ်ရပ်နှင့် အခြေခံစားကုန်များ လုံလောက်စွာထုတ်လုပ်ရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ပြီးနောက်ပိုင်းတွင် ပြည်တွင်းမှ သဘောထားကွဲလွဲသည့်အဖွဲ့အစည်းများက စီးပွားရေးကဏ္ဍ ထိခိုက်အောင် ဆောင်ရွက်ခြင်းများရှိသကဲ့သို့ ပြည်ပမှလည်း အကြောင်းအမျိုးမျိုးပြပြီး စီးပွားရေးပိတ်ဆို့မှုများ၊ ထောက်ပံ့ပေးမှုများရပ်ဆိုင်းခြင်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရပ်ဆိုင်းခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ကုန်သွယ်မှုနှင့်ပတ်သက်၍လည်း ရရှိသည့်ဝင်ငွေများကို ကန့်သတ်မှုများဆောင်ရွက်ခြင်းကြောင့် နိုင်ငံခြားငွေများ အသုံးပြုရာတွင် အကန့်အသတ်များဖြစ်ပေါ်ခဲ့သည်။

ငွေကြေးကွာဟချက်များအပေါ်မူတည်၍ ကုန်သွယ်ရေးတွင် ငွေကြေးကစားသူများက အဆိုပါအခြေအနေကို ကိုယ်ကျိုးအတွက် အမြတ်ထုတ်ရန် အသုံးချလာသည်ကို တွေ့ရသည်။ ဘဏ်လုပ်ငန်းများ ထိခိုက်အောင်လည်း ပြုလုပ်ခဲ့ကြသည်။ ၂၀၂၀ ခုနှစ်မှစတင်၍ နိုင်ငံ့စီးပွားရေးကို ထိခိုက်အောင်ပြုလုပ်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ငွေကြေးလည်ပတ်မှု ပြန်လည်တည်ငြိမ်အောင်လုပ်ဆောင်ခဲ့ရာ ထိုက်သင့်သည့် ပမာဏအထိ ထိန်းသိမ်းနိုင်ခဲ့သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့် အရှေ့ဥရောပဖြစ်စဉ်များကြောင့် လောင်စာဆီပြဿနာများဖြစ်ပေါ်ခဲ့ပြီး ကမ္ဘာ့စီးပွားရေးကျဆင်းမှုဖြစ်ပေါ်ခဲ့သည်။

ကမ္ဘာတစ်ဝန်း၌ ကုန်စည်ဈေးနှုန်းကြီးမြင့်ခြင်း၊ စက်သုံးဆီဈေးနှုန်းများ ကြီးမြင့်ခြင်းကြောင့် သယ်ယူပို့ဆောင်ရေးစရိတ်များ တက်လာခဲ့သည်။ တစ်ဆက်တည်းတွင် ကုန်ထုတ်လုပ်မှုစရိတ်များ မြင့်မားလာခြင်းနှင့် ရောင်းလိုအားနှင့် ဝယ်လိုအား မမျှတခြင်းများဖြစ်ပေါ်ပြီး ကုန်ဈေးနှုန်းများ ကြီးမြင့်လာခဲ့ရာ မြန်မာနိုင်ငံအပေါ်တွင်လည်း သက်ရောက်မှုများရှိလာခဲ့သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအလိုက် သွင်းအားစုများ ဈေးနှုန်းကြီးမြင့်မှုဖြစ်ပေါ်လာသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုစရိတ် မြင့်တက်လာခြင်းများရှိသည်။ တစ်ချိန်တည်းတွင် ဝိသမလောဘသားများ၏ ငွေကြေးကစားမှုနှင့် နိုင်ငံရေးအရ အမြတ်ထုတ်လိုမှုများကြောင့် ပြည်တွင်းကုန်ဈေးနှုန်းမှာ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းထက် မြင့်မားနေသည်ဟု ယူဆရသည်။

ကုန်စည်ဈေးနှုန်းများ မြင့်မားနေခြင်းအကြောင်းတွင် ထုတ်လုပ်မှုကုန်ကျစရိတ်များပြားခြင်း၊ ဝယ်လိုအားနှင့်ရောင်းလိုအား ကွာဟချက်ကြီးမားခြင်းနှင့် အဆင့်ဆင့်ရောင်းချမှုများ များပြားခြင်းကြောင့် ကုန်းဈေးနှုန်းမြင့်မားလာခြင်းဖြစ်သည်ကို တွေ့ရသည်။ ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့ချရေးဆောင်ရွက်ရာတွင် နည်းလမ်းများရှိသော်လည်း ဆောင်ရွက်နိုင်ခြင်းမရှိသေးပေ။ ယင်းတို့တွင် သယ်ယူပို့ဆောင်ရေးစရိတ် မြင့်မားခြင်းလည်းပါဝင်သည်။ လောင်စာဆီဈေးနှုန်း ကြီးမြင့်ခြင်းနှင့် လုံခြုံရေးအရ ကန့်သတ်ချက်များကြောင့်လည်း ကုန်ကျစရိတ်များ ပိုများနေသည်။ ထို့ကြောင့် ကုန်ကျစရိတ်သက်သာသော ရထားပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးတို့ဖြင့် ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက တိုက်တွန်းခဲ့ရာ အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ခဲ့သည်။

အခြားတစ်ခုမှာ ဒေသအလိုက် ဆန်၊ ဆီ၊ ပဲ၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ သား၊ ငါး၊ ဥများ ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိသဖြင့် ဒေသတွင်း၌ လိုအပ်ချက်များရှိနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒေသအလိုက်စိုက်ပျိုးမြေများ လုံလောက်စွာရှိသကဲ့သို့ တိရစ္ဆာန်အစားအစာများ ထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေးထွက်ကုန်များ လုံလောက်စွာရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်၍ ဒေသအလိုက်စားရေးကို အထောက်အကူပြုစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများလည်း ထုတ်ပေးထားပြီးဖြစ်သည်။ ယင်းတို့ကို ထိရောက်စွာအသုံးချ၍ ဒေသအလိုက် စားရေးလိုအပ်ချက်ကို လုံလောက်စွာထုတ်လုပ်၍ ရောင်းလိုအားနှင့် ဝယ်လိုအား မျှတမှုရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက တိုင်းပြည်တွင် စီးပွားရေးနှင့်ပတ်သက်၍ ပကတိဖြစ်ပေါ်ခဲ့မှုများနှင့် လတ်တလောဖြစ်ပေါ်နေသော ကုန်စည်ဈေးနှုန်းမြင့်မားနေမှုများအပေါ် ဖြေရှင်းရန်နည်းလမ်းများကို ညွှန်ပြခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအားများ မျှတစွာဖြစ်ပေါ်ကာ ကုန်စည်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းလာမည်ဖြစ်ပါကြောင်း။ ။

## မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ်၊ ၃၅ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

**မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးတင့်ဝေ အား မကွေးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်



**သထုံ ဇွန် ၁၃**

မွန်ပြည်နယ် သထုံမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုအထိမ်းအမှတ်အဖြစ် ယနေ့မွန်းလွဲပိုင်းက ဘင်လှိုင်ရပ်ကွက်ရှိ မော်ကျော့ အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်စွမ်းရည်၊ ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲများနှင့် အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများကို ဆောင်ရွက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများ၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးတို့နှင့် ပတ်သက်သည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ သိမှတ်ဖွယ်ရာများ စသည့် အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။ **ခရိုင်(ပြန်/ဆက်)**



ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက် ၈ နာရီက ကျောင်းစု၊ သက်ကယ်ကျင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဝင်းအတွင်း ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် ဌာနဆိုင်ရာများက ပျိုးပင် ၃၀၀ ကို စိုက်ပျိုးကြစဉ်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃-၆-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၇,၉၀၀ | ၁,၂၃၂ | ၉,၇၃၇,၅၀၀ |
| MTSH | ၂,၉၀၀ | ၂,၈၅၀ | ၅,၄၆၆ | ၁၅,၅၉၈,၇၀၀ |
| MCB | ၇,၂၀၀ | ၇,၂၀၀ | ၂၉ | ၂၀၈,၈၀၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၂၀,၁၉၇ | ၂၉,၂၈၅,၆၅၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၁ | ၂,၄၅၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁